ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

အခွန်အယူခံခုံအဖွဲ့ရုံး

လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၁

၁၃၈၃ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ် ၊ ဩဂုတ် လ ၅ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ အမှုထမ်းရာထူး (၈) နေရာများတွင် ခန့်ထားရန်အတွက် သတ်မှတ်အရည်အချင်းများ နှင့် ကိုက်ညီသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ခန့်ထားမည့် ရာထူး/ လစာနှုန်းထား (ကျပ်) | ခန့်ထား မည့် ရာထူး နေရာ | အနိမ့်ဆုံးရရှိမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | ယာဉ်မောင်းစက်ပြင် - ၅<br>(လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၃ နေရာ | အခြေခံပညာ အလယ်တန်း အဆင့်၊ ယာဉ်မောင်း လိုင်စင် (ခ) ရရှိရမည်။ |
| ( ခ ) | ရုံးအကူ<br>(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၅ နေရာ | တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

( ခ ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

( ဂ ) လျှောက်ထားလိုသူသည် အသက် (၁၈) နှစ်ပြည့်ပြီး (၂၀-၈-၂၀၂၁) ရက်နေ့ အသက် (၂၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်ရမည်။

(င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၃၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ (သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနမှ တစ်ဆင့် လျှောက်ထားရမည်။)

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါ အချက်များကို ပြည့်စုံစွာ ဖော်ပြရမည်။

(က) ပညာအရည်အချင်း သတ်မှတ်ချက်များမှာ -

(၁) ယာဉ်မောင်းစက်ပြင် - ၅ ရာထူးနေရာအတွက် လျှောက်ထားသူသည် အခြေခံပညာအလယ်တန်း အဆင့်ပညာရေး အထောက်အထား မိတ္တူ ၊ ယာဉ်မောင်းလိုင်စင် (ခ) မိတ္တူ ၊

(၂) ရုံးအကူ ရာထူးနေရာအတွက် လျှောက်ထားသူသည် အခြေခံပညာ အထက်တန်း အောင်မြင်သည့် ခုနှစ်၊ အောင်လက်မှတ် မိတ္တူ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ပညာအရည်အချင်း အောင်မြင်သည့်ခုနှစ်၊ တက်ရောက်နေသည့် အတန်းတို့၏ ကျောင်းသားကဒ် မိတ္တူ၊

( ခ ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

( ဂ ) အိမ်ထောင်စုစာရင်း မိတ္တူ

(ဃ) အလုပ်သမားမှတ်ပုံတင် မိတ္တူ

( င ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ၊

( စ ) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်၊

(ဆ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ၊

( ဇ ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်။

၄။ လျှောက်လွှာပုံစံများကို Myanmal National Portal အခွန်အယူခံခုံအဖွဲ့ရုံးနှင့် အခွန်အယူခံခုံအဖွဲ့ Facebook Page တွင် ဖော်ပြထားသည့်အတိုင်း အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ရေးသွင်းပြီး ပေးပို့ လျှောက်ထားရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) (၂) လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓါတ်ပုံ (၃) ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် ရေးသားရန်)

( ခ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် မူရင်း၊

( ဂ ) သက်ဆိုင်ရာ နယ်မြေရဲစခန်း၏ ပြစ်မှု ကင်းရှင်းကြောင်း ထောက်ခံချက် မူရင်း၊

(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ် ထောက်ခံချက် မူရင်း၊

၆။ ဝန်ထမ်း မဟုတ်သူများသည် လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ အခွန်အယူခံခုံအဖွဲ့ရုံး၊ နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်သော် လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်း ကောင်း၊ (၂၀ – ၈ – ၂၀၂၁) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ လျှောက်ထားရမည်။

၇။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် အခွန်အယူခံခုံအဖွဲ့ရုံး၊ နေပြည်တော်သို့ (၂၀ – ၈ – ၂၀၂၁) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ လျှောက်ထားရမည်။

၈။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် ပြည့်စုံမှု မရှိသော လျှောက်လွှာများကို လက်ခံမည် မဟုတ်ပါ။

၉။ ယာဉ်မောင်းစက်ပြင် – ၅ ရာထူးနေရာအတွက် လျှောက်ထားသူများသည် လူတွေ့နှင့် ကျွမ်းကျင်မှု စစ်ဆေးခြင်းကို (၃၁ – ၈ – ၂၀၂၁) ရက်နေ့နှင့် (၁ – ၉ – ၂၀၂၁) ရက်နေ့တို့တွင် စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၀။ ရုံးအကူ ရာထူးနေရာအတွက် လျှောက်ထားသူများသည် လူတွေ့စစ်ဆေးခြင်းကို (၃၁–၈–၂၀၂၁) ရက်နေ့နှင့် (၁– ၉ –၂၀၂၁) ရက်နေ့တို့တွင် စစ်ဆေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၁။ လူတွေ့စစ်ဆေးခြင်းနှင့် ကျွမ်းကျင်မှု စစ်ဆေးမည့် အစီအစဉ်ကို ထပ်မံ အကြောင်းကြား ပါမည်။

၁၂။ အသေးစိတ်သိရှိလိုပါက အခွန်အယူခံခုံအဖွဲ့ရုံး၊ စီမံ၊ ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲ (ဖုန်း ၀၆၇- ၄၂၀၇၀၅၂၀၁ ၊ ၀၆၇-၄၀၁၁၅၄၅၄၅၄) သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**အမိန့်အရ**

၅.၈.၂၀၂၁

(အောင်သူထူး)

ညွှန်ကြားရေးမှူး

D:\DTTM\Internal letter - Copy.docx

စာအမှတ်၊ အခယ / ၆/ ၀၁ ( ၇၃၁ / ၂၀၂၁)

ရက်စွဲ၊ ၂၀၂၁ ခုနှစ် ၊ ဩဂုတ် လ ၅ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်)

အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (ခရိုင်ရုံး) ပျဉ်းမနား၊ နေပြည်တော် } ကြော်ငြာသင်ပုန်းတွင် ကပ်ပေးနိုင်ပါရန်

မိတ္တူကို

- အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ (ရုံးခန်း)
- အခွန်အယူခံခုံအဖွဲ့ (အဖွဲ့ဝင်များ)
- ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)
- ဒုတိယညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)
- ညွှန်ကြားရေးမှူးများ
- ရုံးတွင်းအမိန့်စာဖိုင်
- ရုံးလက်ခံစာတွဲ
- မျှောစာတွဲ

သို့

ညွှန်ကြားရေးမှူးချုပ်

အခွန်အယူခံခုံအဖွဲ့ရုံး

ရက်စွဲ၊......................

အကြောင်းအရာ။ **ယာဉ်မောင်းစက်ပြင်-၅ (လစာနှုန်းကျပ် ၁၆၂,၀၀၀ -၂,၀၀၀ - ၁၇၂,၀၀၀ ) ရာထူး နေရာအတွက် လျှောက်ထားခြင်းကိစ္စ**

ကျွန်တော်/ကျွန်မ .............................. နိုင်ငံသားစစ်ဆေးရေးကတ်ပြားအမှတ်၊ ................................... ကိုင်ဆောင်သူသည် .............................. ဘွဲ့ရရှိခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊အခွန်အယူခံခုံအဖွဲ့ရုံးမှ လစ်လပ်လျက်ရှိသော ယာဉ်မောင်း စက်ပြင် - ၅ (လစာနှုန်းကျပ် ၁၆၂,၀၀၀ -၂,၀၀၀ - ၁၇၂,၀၀၀ ) ရာထူးအတွက် သတ်မှတ်ချက် များနှင့် ကိုက်ညီမှုရှိပါသဖြင့် ဝင်ရောက်ဖြေဆိုခွင့်ပြုနိုင်ပါရန် ပူးတွဲပါစာရွက်စာတမ်းများနှင့်အတူ တင်ပြလျှောက်ထားအပ်ပါသည်-

- ကိုယ်ရေးလျှောက်လွှာ
- ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
- ယာဉ်မောင်းလိုင်စင်(ခ) (မိတ္တူ)
- ပညာအရည်အချင်းအတွက် အခြေခံအလယ်တန်းအဆင့် အထောက်အထား (မိတ္တူ)
- (၂)လ အတွင်း လျှောက်ထားသော ပတ်စ်ပို့အရွယ် (၁.၂”x ၁.၄”)ဓါတ်ပုံနှစ်ပုံ
- ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်
- အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်
- အလုပ်သမား မှတ်ပုံတင်ကတ်ပြား မူရင်း/မိတ္တူ

(လျှောက်ထားသူလက်မှတ်)

| | |
|---|---|
| အမည် | - ...................................... |
| ဆက်သွယ်ရန် | - ...................................... |
| နေရပ်လိပ်စာ၊ ဖုန်းနံပါတ် | - ...................................... |
| | ...................................... |
| | ...................................... |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

အခွန်အယူခံခုံအဖွဲ့ရုံး

ယာဉ်မောင်းစက်ပြင်-၅ ရာထူး လျှောက်ထားခြင်းအတွက် ကိုယ်ရေးမှတ်တမ်းပုံစံ

| | | | |
|---|---|---|---|
| ၁။ | အမည် | - | ------------------------------ |
| ၂။ | အခြားအမည်(ရှိလျှင်) | - | ------------------------------ |
| ၃။ | မိဘအမည် | - | ------------------------------ |
| ၄။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - | ------------------------------ |
| ၅။ | အသက်/မွေးသက္ကရာဇ် (ရက်၊ လ၊ ခုနှစ်) | - | ------------------------------ |
| ၆။ | လူမျိုး/ ဘာသာ | - | ------------------------------ |
| ၇။ | မွေးဖွားအရပ် | - | ------------------------------ |
| ၈။ | ကိုယ်အလေးချိန် | - | ------------------------------ |
| ၉။ | အရပ်အမြင့် | - | ------------------------------ |
| ၁၀။ | ပညာအရည်အချင်း/ဘွဲ့ | - | ------------------------------ |
| ၁၁။ | အခြားတက်ရောက်ခဲ့သည့်သင်တန်းများနှင့်- | | ------------------------------ |
| | အောင်မြင်မှုအရည်အချင်း | | ------------------------------ |
| | | | ------------------------------ |
| ၁၂။ | အခြားကျွမ်းကျင်သည့် ဘာသာစကား | - | ------------------------------ |
| ၁၃။ | အိမ်ထောင်ရှိ/ မရှိ | - | ------------------------------ |
| ၁၄။ | ဆက်သွယ်ရန် နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်- | | ------------------------------ |
| | | | ------------------------------ |
| | | | ------------------------------ |

အထက်ဖော်ပြပါ ရေးသွင်းချက်များ မှန်ကန်ကြောင်း ဝန်ခံကတိ ပြုပါသည်။

(ထိုးမြဲလက်မှတ်)

ရက်စွဲ၊ -------------

C:\Users\RAT-6\Desktop\Internal letter - Copy.docx

သို့

ညွှန်ကြားရေးမှူးချုပ်

အခွန်အယူခံခုံအဖွဲ့ရုံး

ရက်စွဲ၊---------------

အကြောင်းအရာ။ **ရုံးအကူ/စာပို့ (လစာနှုန်းကျပ် ၁၄၄,၀၀၀ -၂,၀၀၀- ၁၅၄,၀၀၀) ရာထူးနေရာအတွက် လျှောက်ထားခြင်းကိစ္စ**

ကျွန်တော်/ကျွန်မ-----------------------------၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ----------------------ကိုင်ဆောင်သူသည်--------------------ဘွဲ့ရရှိခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အခွန်အယူခံ ခုံအဖွဲ့ရုံးမှ လစ်လပ်လျက်ရှိသော ရုံးအကူ/ စာပို့ (လစာနှုန်း ကျပ် ၁၄၄,၀၀၀ -၂,၀၀၀ - ၁၅၄,၀၀၀) ရာထူးအတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါသဖြင့် ဝင်ရောက်ဖြေဆို ခွင့်ပြုနိုင်ပါရန် စာရွက်စာတမ်းများနှင့်အတူ တင်ပြလျှောက်ထားအပ်ပါသည်-

- ကိုယ်ရေးလျှောက်လွှာ
- ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
- အသက်အထောက်အထားနှင့် ပညာအရည်အချင်းအတွက် တက္ကသိုလ်ဝင် စာမေးပွဲ အောင်လက်မှတ်(မိတ္တူ)
- (၂)လအတွင်း ရိုက်ထားသော ပတ်စပို့အရွယ်(၁.၂"x၁.၄")ဓါတ်ပုံနှစ်ပုံ
- ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်
- အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်
- ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးခြင်းမရှိကြောင်းနှင့် အပြစ်ပေးအရေးယူခံရခြင်း မရှိကြောင်း ကိုယ်တိုင်ဝန်ခံချက်
- အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/မိတ္တူ

(လျှောက်ထားသူလက်မှတ်)

အမည် - ..............................

ဆက်သွယ်ရန် - ..............................

နေရပ်လိပ်စာ/ ဖုန်းနံပါတ် - ..............................

..............................

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

အခွန်အယူခံခုံအဖွဲ့ရုံး

# ရုံးအကူ/ စာပို့ ရာထူး လျှောက်ထားခြင်းအတွက် ကိုယ်ရေးမှတ်တမ်းပုံစံ

| | | | |
|---|---|---|---|
| ၁။ | အမည် | - | ------------------------------ |
| ၂။ | အခြားအမည်(ရှိလျှင်) | - | ------------------------------ |
| ၃။ | မိဘအမည် | - | ------------------------------ |
| ၄။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - | ------------------------------ |
| ၅။ | အသက်/မွေးသက္ကရာဇ် (ရက်၊ လ၊ ခုနှစ်) | - | ------------------------------ |
| ၆။ | လူမျိုး/ ဘာသာ | - | ------------------------------ |
| ၇။ | မွေးဖွားအရပ် | - | ------------------------------ |
| ၈။ | ကိုယ်အလေးချိန် | - | ------------------------------ |
| ၉။ | အရပ်အမြင့် | - | ------------------------------ |
| ၁၀။ | ပညာအရည်အချင်း/ဘွဲ့ | - | ------------------------------ |
| ၁၁။ | အခြားတက်ရောက်ခဲ့သည့်သင်တန်းများနှင့်- | | ------------------------------ |
| | အောင်မြင်မှုအရည်အချင်း | | ------------------------------ |
| | | | ------------------------------ |
| ၁၂။ | အခြားကျွမ်းကျင်သည့် ဘာသာစကား | - | ------------------------------ |
| ၁၃။ | အိမ်ထောင်ရှိ/ မရှိ | - | ------------------------------ |
| ၁၄။ | ဆက်သွယ်ရန် နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်- | | ------------------------------ |
| | | | ------------------------------ |
| | | | ------------------------------ |

အထက်ဖော်ပြပါ ရေးသွင်းချက်များ မှန်ကန်ကြောင်း ဝန်ခံကတိ ပြုပါသည်။

(ထိုးမြဲလက်မှတ်)

ရက်စွဲ၊ -------------

C:\Users\RAT-6\Desktop\Internal letter - Copy.docx